# အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၏ ကြေညာချက်အမှတ် ( ၁၃ /၂၀၂၀)

ရက်စွဲ။၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ရက်

## Importer / Exporter များနှင့် MACCS Declarant များ သိရှိနိုင်ပါရန်

၁။ အကောက်ခွန်ဦးစီးဌာနအပါအဝင် ကုန်သွယ်မှုဆက်စပ်ဌာနဖြစ်သည့် ပြည်တွင်းအခွန်များဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့ သည် ခေတ်မီ ICT နည်းပညာဖြင့် နိုင်ငံတကာအဆင့်မီကုန်သွယ်မှု သတင်းအချက်အလက်များနှင့်လုပ်ငန်းများ ချိတ်ဆက် ဆောင်ရွက်နေချိန်၌ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ထမ်း မှတ်ပုံတင်အမှတ် (Taxpayer Identification Number–TIN) ကို အခြေခံ၍ Unique ID အဖြစ် သတ်မှတ်အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် အကောက်ခွန်ဦးစီးဌာန၏ MACCS စနစ် အတွက် ထုတ်ပေးထားသော Importer / Exporter Cod (I/E Code) များကို ယခင် Format မှ TIN No. Format သို့ ၂၇-၉-၂၀၂၀ ရက်နေ့တွင် ပြောင်းလဲအသုံးပြုမည် ဖြစ်ပါသည်။

၂။ TIN No. ပြောင်းလဲထားပြီးသော ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ အစိုးရဌာဆိုင်ရာများ၊ Individual Trading Card (ITC) များသည် ယခင် I/E Code အစား TIN No. Format အဖြစ် ပြောင်းလဲထားသော I/E Code ကို အစားထိုးပြောင်းလဲသုံးစွဲရမည် ဖြစ်ပါသည်။

# ယခင် I/E Code Format မှ TIN No. Format သို့ ပြောင်းလဲမည့် ပုံစံ

သို့ဖြစ်ပါ၍ ၂၇-၉-၂၀၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ကုန်သွယ်ရေးဦးစီးဌာနတွင် ပသက (New TIN Format) သို့ ပြောင်းလဲပြီးသည့် သွင်းကုန်ထုတ်ကုန်လုပ်ငန်းဆောင်ရွက်နေသူများ တင်သွင်းလာမည့် အကောက်ခွန် ကြေညာလွှာများ၏ Importer / Exporter Code နေရာတွင် TIN No. Format အသစ်ဖြင့် အောက်ဖော်ပြပါ (နမူနာ) ပုံစံအတိုင်း ပြောင်းလဲ၍ ဖြည့်စွက်ရမည် ဖြစ်ပါသည်-

| I/E code (Old) |
|---|
| C000000001000 |
| P000000001000 |

| HTK (New) TIN No. Format | IE code (New) |
|---|---|
| 123456789 | C123456789000 |
| 987654321 | P987654321000 |

- MACCS စနစ်တွင် ယခင် IE Code (အဟောင်း) နံပါတ်သည် “C” အပါအဝင် (13 Digits) ဖြစ်ပါက ယခု IE Code (အသစ်) သည် “C” ၏ နောက်တွင် TIN No.(9 Digits) + 000 ဖြင့် သတ်မှတ်ပါသည်။
- MACCS စနစ်တွင် ယခင် IE Code (အဟောင်း) နံပါတ်သည် “P” အပါအဝင် (13 Digits) ဖြစ်ပါက ယခု IE Code (အသစ်) သည် “P” ၏ နောက်တွင် TIN No. (9 Digits) + 000 ဖြင့် သတ်မှတ်ပါသည်။
- “P” နှင့် စသော I/E Code များသည် နယ်စပ်ဒေသများအတွက် ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပေးထားသော Individual Trading Card (ITC) လုပ်ငန်းရှင်များအတွက်သာ ဖြစ်ပါသည်။

# I/E Code အား TIN No. Format သို့ ပြောင်းလဲခြင်းလုပ်ငန်းစဉ်တွင် မပါဝင်သည့် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ

- ပသက အမှတ် မရှိသော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ သံရုံးများအတွက် ယခင် MACCS စနစ်မှ ထုတ်ပေးထားသော **Importer / Exporter Code (၁၃) လုံးကိုသာ** ဆက်လက်အသုံးပြု၍ ကြေညာလွှာများအား တင်သွင်းရမည် ဖြစ်ပါသည်။

- ပသက အမှတ် ရှိသော်လည်း MACCS I/E Code မရှိသည့် လူပုဂ္ဂိုလ်အနေဖြင့် ကိုယ်ပိုင်သုံး (Personal Use) အဖြစ် တင်သွင်းလာသော ကြေညာလွှာများအတွက် I/E Code ဖြည့်စွက်ရန် မလိုအပ်ပါသဖြင့် အထက်ပါပြောင်းလဲမှုလုပ်ငန်းစဉ်တွင် ပါဝင်ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ယခင် ကြေညာလွှာတင်သွင်းသည့်လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အမှတ် (ပသက) မှ TIN No. Format သို့ *ပြောင်းလဲထားခြင်းမရှိသေးသော* ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ အစိုးရဌာနများ

- ကုန်သွယ်ရေးဦးစီးဌာန၏ ပသကအမှတ်များကို ယခင် Format မှ TIN No. Format (၉) လုံးသို့ ပြောင်းလဲထားခြင်းမရှိသေးသော **ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ အစိုးရဌာနများသည် ၇-၉-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍** ကုန်သွယ်ရေးဦးစီးဌာနတွင် လျှောက်ထားပြောင်းလဲရမည် ဖြစ်ပါသည်။ (ကုမ္ပဏီများစာရင်းအား Slide (9) တွင် ဖော်ပြထားပါသည်။)

- ထိုသို့ အချိန်မီ ပြင်ဆင်ပြောင်းလဲထားခြင်းမရှိပါက အကောက်ခွန်ဦးစီးဌာနမှ ၂၇-၉-၂၀၂၀ ရက်နေ့တွင်ပြုလုပ်မည့် ယခင် I/E Code Format မှ TIN No. Format သို့ ပြောင်းလဲခြင်း (Data Migration) လုပ်ငန်းစဉ်တွင် ပါဝင်မည်မဟုတ်သည့်အပြင် ယခင် I/E Code အဟောင်းများဖြင့် အကောက်ခွန်ကြေညာလွှာတင်သွင်းခြင်းကို ဆောင်ရွက်နိုင်တော့မည်မဟုတ်သဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် မလိုလားအပ်သော နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။

Slide (5)

# ပို့ကုန်သွင်းလုပ်ငန်းရှင်မှတ်ပုံတင်အမှတ် (ပသက) မှ TIN No. Format သို့

## ပြောင်းလဲထားခြင်းမရှိသေးသော ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ အစိုးရဌာနများ

- ၂၇-၉-၂၀၂၀ ရက်နေ့ **နောက်ပိုင်းမှ** မူလ ပသကအမှတ်များအား TIN No. Format သို့ ပြောင်းလဲမည် ဆိုပါက MACCS စနစ်ဖြင့် အကောက်ခွန်ကြေညာလွှာတင်သွင်းရာတွင် အောက်ဖော်ပြပါအခြေအနေများ တွေ့ကြုံရမည် ဖြစ်ပါသည်-
  - MACCS စနစ်တွင် တင်ထားဆဲကြေညာလွှာများအား ဆက်လက်ဆောင်ရွက်နိုင်မည် မဟုတ်သဖြင့် Cancellation ပြုလုပ်၍ အသစ်ပြန်လည် ဖွင့်လှစ်ရမည်။
  - MACCS စနစ်တွင် ယခင် I/E Code ဖြင့် ဖွင့်လှစ်ထားသော Importer/ Exporter Deposit Account များကို ဆက်လက်အသုံးပြုနိုင်တော့မည် မဟုတ်သည့်အတွက် ဘဏ္ဍာရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ (ငွေစာရင်း ဌာနစိတ်)တွင် ယခင် ပြန်အမ်းလုပ်ငန်းစဉ်အတိုင်း Refund (ပြန်အမ်း) လျှောက်ထားရမည်။ Deposit ပြန်လည်သုံးစွဲလိုပါက Account အသစ် ပြန်လည်ဖွင့်လှစ်ရမည်။
  - ပသက(အဟောင်း)နံပါတ်များဖြင့် လိုင်စင်များသည် MACCS စနစ်ဖြင့် အကောက်ခွန်ကြေညာလွှာတင်သွင်း ရာတွင် ဆက်လက်သုံးစွဲနိုင်မည် မဟုတ်ပါ။ ကုန်သွယ်ရေးဦးစီးဌာနတွင် TIN No. Format (အသစ်)နံပါတ်ဖြင့် လိုင်စင်များ ပြန်လည်လျှောက်ထားရန် လိုအပ်လာမည် ဖြစ်ပါသည်။
  - အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၏ User Registration Section တွင် TIN No. Format ဖြင့် I/E Code အသစ်ပြန်လည်လျှောက်ထားရမည် ဖြစ်ပါသည်။

❖ **မှတ်ချက်။ အထက်ဖော်ပြပါ အခြေအနေများသည် ကုန်သွယ်ရေးဦးစီးဌာနတွင် TIN No. Format ဖြင့် ပသက အမှတ် (အသစ်) ရရှိပြီးသူများနှင့် သက်ဆိုင်မှုမရှိပါ။**

# TIN No. Format ပြောင်းထားပြီးသော I/E Code အထောက်အထားစာရွက် လျှောက်ထားရမည့် လုပ်ငန်းစဉ်

- I/E Code မှ TIN No. Format ပြောင်းလဲခြင်းလုပ်ငန်းစဉ်တွင် ယခင် IE Code ရှိထားပြီးသော သွင်းကုန် ထုတ်ကုန်လုပ်ငန်းရှင်များအနေဖြင့် ဤကြေညာချက် **Slide (2)** ပါ ပြောင်းလဲမှုပုံစံကို နားလည်သဘော ပေါက်ပါက User Registration Section တွင် TIN No. Format ပြောင်းထားပြီးသော I/E Code အထောက် အထားစာရွက်အား သီးခြားလာရောက်ထုတ်ယူရန် မလိုအပ်ပါ။

- သို့ရာတွင် သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်များအနေဖြင့် TIN No. Format ပြောင်းထားပြီးသော I/E Code အား အထောက်အထားစာရွက်တစ်ခုအဖြစ် ရယူထားလိုပါက ( ၂၁. ၉ . ၂၀၂၀) ရက်နေ့မှ စတင်၍ MACCS ဌာနခွဲ၊ UR Section သို့ Online မှတဆင့် e-mail address: ***maccs.iecode@gmail.com*** သို့ လျှောက် ထားနိုင်ပါသည်။ ထိုသို့လျှောက်ထားရာတွင် ပသကလက်မှတ်မူရင်း၊ Board of Director အဖွဲ့ဝင်တစ်ဦး လက်မှတ်ရေးထိုးထားသည့် Company Letter Head ဖြင့် လျှောက်လွှာ ၊ အဆိုပါလက်မှတ်ရေးထိုးထားသူ BOD အဖွဲ့ဝင်၏ နိုင်ငံသားစစ်ဆေးရေးကဒ်ပြား(မူရင်း)တို့အား Scan ဖတ်၍ Attached File ဖြင့် ပူးတွဲတင်ပြ ရမည်။ တင်ပြလာသော အထောက်အထားများ စိစစ်မှန်ကန်ပါက TIN No. Format ပြောင်းထားပြီးသော IE Code အထောက်အထားစာရွက်ကို e-mail မှတဆင့် ပြန်လည်ပေးပို့မည် ဖြစ်ပါသည်။

- Company Letter Head ဖြင့် လျှောက်ထားရမည့် လျှောက်လွှာပုံစံအား **Slide (7)** တွင် ဖော်ပြထားပါသည်။

# TIN No. Format ပြောင်းထားပြီးသော IE Code အထောက်အထားစာရွက် လျှောက်ထားရမည့် လျှောက်လွှာပုံစံ

Slide (7)

UR-3

Company Letter Head

သို့

တာဝန်ခံအရာရှိ
User Registration Section
MACCS DIVISION
အကောက်ခွန်ဦးစီးဌာန
ရန်ကုန်မြို့

ရက်စွဲ၊

အကြောင်းအရာ။ Importer/Exporter Code (IE Code) ထုတ်ယူခွင့်ပြုနိုင်ပါရန် လျှောက်ထားခြင်း

၁။ အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ကျွန်တော်/ကျွန်မ များကုမ္ပဏီ ------------------------ သည် MACCS စနစ်တွင် ပြောင်းလဲလိုက်သည့် IE Code အား TIN No Format အသစ်ဖြင့် ပြန်လည်ထုတ်ယူခွင့်ပြုနိုင်ပါရန် အောက်ပါဖော်ပြပါ စာရွက်စာတမ်းများနှင့်အတူ ပူးတွဲလျှောက်ထားအပ်ပါသည်-

(က) ပဿကလက်မှတ် (မူရင်း) (JPEG File)

(ခ) လျှောက်ထားသူ၏နိုင်ငံသားစိစစ်ရေးကတ် (မူရင်း) (JPEG File)

၂။ MACCS စနစ်အားအသုံးပြုရန် လူကြီးမင်းတို့ဌာနမှချမှတ်ထားသည့် စည်းကမ်းချက်များအား ဆက်လက် လိုက်နာပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

Board of Director အဖွဲ့ဝင်၏
လက်မှတ်

မှတ်ချက်။ ယခင်က I/E Code ထုတ်ယူထားခြင်း မရှိသေးသော ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ အစိုးရဌာနများအနေဖြင့် I/E Code လျှောက်ထားရာတွင် ယခင်လုပ်ငန်းစဉ်များအတိုင်း လိုအပ်သော စာရွက်စာတမ်းများ တင်ပြ၍ User Registration Section သို့ လာရောက်လျှောက်ထားရမည် ဖြစ်ပါသည်။

# TIN No. Format ပြောင်းထားပြီးသော I/E Code အထောက်အထားစာရွက်လျှောက်ထားရမည့် လုပ်ငန်းစဉ် (အဆက်)

- ❖ TIN No. Format အသစ်အတွက် အထောက်အထားစာရွက်စာတမ်း လျှောက်ထားဆဲကာလအတွင်း UCB လုပ်ငန်းစဉ်များကို ယခင် MACCS မှ ထုတ်ပေးထားသော I/E Code အထောက်အထားစာရွက်အဟောင်းအား ပြသ၍ ဆောင်ရွက်နိုင်ပါသည်။
- ❖ သို့ရာတွင် အကောက်ခွန်ငွေစာရင်းအရာရှိသည် နံပါတ်အဟောင်းအသစ်အား Matching List ဖြင့် တိုက်ဆိုင်စစ်ဆေးရမည် ဖြစ်၍ ကြန့်ကြာမှုရှိနိုင်ပါသည်။
- ❖ သို့ဖြစ်ရာ လုပ်ငန်းပိုမိုလျှင်မြန်စေရေးအတွက် TIN No. Format ပြောင်းထားပြီးသော I/E Code အထောက်အထားစာရွက် လျှောက်ထားမှုအား စောလျင်စွာဆောင်ရွက်ထားနိုင်ပါရန် တိုက်တွန်းအပ်ပါသည်။

# ပို့ကုန်သွင်းလုပ်ငန်းရှင်မှတ်ပုံတင်အမှတ် (ပသက) မှ TIN No. Format သို့ *ပြောင်းလဲထားခြင်းမရှိသေးသော* ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ အစိုးရဌာနများစာရင်း

- ပသကအမှတ် မှ TIN No. Format သို့ ပြောင်းလဲထားခြင်းမရှိသေးသော ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ အစိုးရဌာနများစာရင်း

- MACCS စနစ်ဖြင့် Deposit Account များ ဖွင့်လှစ်ထားရှိပြီး ပသကအမှတ် မှ TIN No. Format သို့ ပြောင်းလဲထားခြင်းမရှိသေးသော ကုမ္ပဏီများစာရင်း

**မှတ်ချက်**။ အထက်ပါ စာရင်းများနှင့် UR–3 ပုံစံအား အကောက်ခွန်ဦးစီးဌာန၏ Website နှင့် Facebook စာမျက်နှာတို့တွင် ကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

www.customs.gov.mm, www.maccs.gov.mm, MACCS Facebook Page